"အသံ"

# တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးဆိုင်ရာ ညီလာခံအစီရင်ခံစာကို ယူနန်တွင်ကြီးမားသောတုံ့ပြန်မှုရရှိ

## လှပသောတရုတ်နိုင်ငံဆောက်လုပ်ရေးအတွက်ယူနန်ထောက်ပံ့မှုလုပ်ဆောင်

တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာတွင် "လူနှင့်သဘာဝပတ်ဝန်းကျင်တပြေးညီစွာ နေထိုင်စေဖို့ခိုင်မာစွာလုပ်



ဆောင်ခြင်း"ကို ခေတ်သစ်တရုတ်ထူးခြားချက်လက္ခဏာရှိဆိုရှယ်လစ်ဝါဒကို ခိုင်မြဲရေးနှင့်ဖွံ့ဖြိုးရေးအတွက် အခြေခံဗျူဟာအတွင်းသို့ ထည့်သွင်းထားသည်။ "ရွှေတောင်ငွေတောင်အလား ကြည်လင်သောရေနှင့် စိမ်းလန်းစိုပြေသောတောတောင်ဟူသည့်အတွေးအခေါ်ကိုအကောင်အထည်ဖော်ရမည်။"ဟူ၍တိကျစွာတင်ပြခဲ့သည်။ ထိုအတွက်ယူနန်၏ တန်ဖိုးအရှိဆုံးသော အရင်းအမြစ်မှာ သာသောသဘာဝပတ်ဝန်းကျင်ဖြစ်ကြောင်း၊ ကျွန်တော်တို့သည် မျက်စိကိုချစ်မြတ်နိုးဂရုစိုက်သည့်အတိုင်း သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးဂရုစိုက်သင့်ကြောင်း၊ တျမ်းချီအင်းစသည့် ကုန်းမြင့်အင်းအိုင်များထိန်းချုပ်ရေးကို အလေးပါကိစ္စရပ်အဖြစ်ခိုင်မြဲစွာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းဖြင့်ထိန်းချုပ်ခြင်း၊ စနစ်တကျထိန်းချုပ်ခြင်း၊ စုစည်းတပေါင်းတည်းထိန်းချုပ်ခြင်း၊ တရားဥပဒေဖြင့်ထိန်းချုပ်ခြင်းဆောင်ရွက်ကာ မြစ်ကြောင်းကြာရှည်ထိန်းချုပ်မှုစနစ်ကို ဘက်စုံနက်ရှိုင်းစွာလုပ်ဆောင်ခြင်း၊ မြစ်ရေကြောင်းသဘာဝပတ်ဝန်းကျင် ပြန်လည်ဖြည့်စွက်ရေးကို ဘက်စုံတွန်းတင်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် အရင်းအမြစ်သုံးသပ်စစ်ဆေးခြင်းကို ဦးစွာတွန်းထုတ်ရမည်ဖြစ်ကြောင်း တောတောင်ရေမြေ သစ်တောအင်းအိုင်မြက်ခင်းအထွေထွေထိန်းချုပ်မှုကို ဘက်စုံတွန်းတင်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်လာအောင် တွန်းဆော်ရမည်ဖြစ်ကြောင်း ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့မှ ကိုယ်စားလှယ်များက ပြောကြားဖော်ပြခဲ့ကြသည်။ ရောင်စုံယူနန်၏ ကောင်းကင်ပိုမိုပြာပြီး မြေပိုမိုစိမ်းလန်းကာ ရေပိုမိုကြည်လင်လာစေမည်ဖြစ်သည်။

## တိုင်းရင်းသားညီအစ်ကိုတစ်ယောက်မျှမကျန်ရစ်စေရ

တိုင်းရင်းသားစည်းလုံးညီညွတ်တိုးတက်ရေး စံပြဇုန်ကိုဆောက်လုပ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတိုးတက်မှုလုပ်ငန်းကို တွန်းတင်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအလုပ်ကို ကောင်းစွာလုပ်ပြီး တိကျစွာဆင်းရဲနွမ်းပါးမှုလျော့နည်းမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ယူနန်ပြည်နယ်ကိုယ်စားလှယ်အဖွဲ့မှ ကိုယ်စားလှယ်များကပြောကြားခဲ့သည်။ တိုင်းရင်းသားအနည်းစုများသည် တောင်ပေါ်ဒေသတွင် နေထိုင်ကြပါသည်။ ဆင်းရဲဒေသများသည်လည်း တောင်ပေါ်ဒေသတွင် စုဝေးနေကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးခိုင်မာစေရန် ဆင်းရဲနွမ်းပါးမှုလျော့နည်းတိုက်ဖျက်ရေးအလုပ်ကို ခိုင်မြဲစွာ လုပ်ဆောင်ရမည်ဖြစ်ပြီး တိုင်းရင်းသားညီအစ်ကိုတစ်ယောက်မျှကို မကျန်ရစ်စေရပါ။

## ယဉ်ကျေးမှုယုံကြည်ချက်ကိုဖော်ပြပြီးယူနန်ယဉ်ကျေးမှုကိုတိုးတက်စေ

တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာသည်ယူနန်ယဉ်ကျေးမှုလောကအတွင်း ကြီးမားသောတုံ့ပြန်မှုများ ရရှိခဲ့သည်။ တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်ဝါဒယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ခိုင်မာစွာလုပ်ဆောင်လိုပါက ယဉ်ကျေးမှုအနုပညာလုပ်ငန်းသည် အခြေစိုက်ဖြစ်မြောက်ရမည်ဖြစ်သည်ဟု သူတို့ကထင်မြင်ယူဆကြသည်။ ရှေးသမိုင်းများလေ့လာလျှင်အရှေ့တိုင်းနှင့် အနောက်တိုင်းရောစပ်ပြီး ထူးချွန်သောတိုင်းရင်းသားယဉ်ကျေးမှုကိုဆက်ခံကာ ပြည်သူများအတွက် ဝန်ဆောင်မှုပေးရမည်ဖြစ်သည်။ အနုပညာရှင်များသည် စိတ်ညီလက်ညီကြိုးပမ်းအားထုတ်ပြီး အထွေထွေဆန်းသစ်မှုလမ်းကြောင်းကိုလျှောက်လှမ်းပြီး ပြုပြင်ပြောင်းလဲဖွင့်လှစ်ခြင်းနှင့် ခေတ်သစ်ဆိုရှယ်လစ်ဝါဒဆောက်လုပ်ရေးကို တွန်းတင်ရန် တွန်းအားဖြစ်စေသည်။

(ဤသတင်းအထွေထွေ)

## တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူမှ "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို ပါတီစည်းကမ်းအတွင်းသို့ ထည့်သွင်းခြင်းကို ဆွေးနွေး- ဆုံးဖြတ်ချက်နှင့် ယုံကြည်ချက်ကိုဖော်ပြသည်

အောက်တိုဘာလ(၂၆)ရက်နေ့က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် မေးဖြေမှုပေါ်တွင် တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကိန်စွမ်က ပြောကြားသည်မှာ- တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံတွင်《တရုတ်ကွန်မြူနစ်ပါတီစည်းမျဉ်းစည်းကမ်း(ပြုပြင်)》၏ဆုံးဖြတ်ချက်ကိုပြီးစီးခဲ့ပါကြောင်း ဖော်ပြခဲ့ပါသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို ပါတီစည်းကမ်းထဲသို့ထည့်သွင်းရေးသားခဲ့ပါသည်။ ယင်းသည် တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်ပြီး တရုတ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို မြင့်မားစွာဂရုပြုကြောင်း၊ "ရပ်ဝန်း တစ်ခု၊ လမ်းကြောင်းတစ်ခု" နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာစွာတွန်းတင်သည့် ဆုံးဖြတ်ချက်နှင့်ယုံကြည်ချက်ကို ဖော်ပြထားခြင်းဖြစ်သည်။

ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်၏ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာထဲ တွင် "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု"ဆောက်လုပ်ရေးကို အလေးထားပြီးဝင်လာခြင်းနှင့် အပြင်သို့ထွက်ခြင်းကို အတူအလေးထားရမည်ဖြစ်ကြောင်း၊ အတူညှိနှိုင်းခြင်း၊ အတူဆောက်လုပ်ခြင်း၊ အတူခံစားခြင်းဟူသောမူဝါဒကို လိုက်နာပြီး ဆန်းသစ်စွမ်းအားနှင့် ဖွင့်လှစ်ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာလုပ်ဆောင်ကာ ကုန်းတွင်းပင်လယ်အတွင်းအပြင်ချိတ်ဆက်၊ အရှေ့အနောက်နှစ်ဖက်စီးပွားရေး အတူထောက်ကူပြုသောဖွင့်လှစ်ပုံစံကို ဖြစ်မြောက်စေကြောင်း ကိန်စွမ်က ဖော်ပြခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံမှ《တရုတ်ကွန်မြူနစ်ပါတီစည်းမျဉ်းစည်းကမ်း(ပြုပြင်)》နှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်တွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးစသည့် အကြောင်းအရာများကို ပါတီစည်းကမ်းထဲသို့ ထည့်သွင်းရန် တိကျစွာတင်ပြထားသည်။ ယင်းသည် တရုတ်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်အောက်မှ တရုတ်နိုင်ငံသည် "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို မြင့်မားစွာဂရုပြုကြောင်း၊ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာစွာတွန်းတင်သည့် ဆုံးဖြတ်ချက်နှင့်ယုံကြည်ချက်ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်မှ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အကြံပြုချက်ကို ၂၀၁၃ခုနှစ်ဆောင်းဦးရာသီတွင်တင်ပြခဲ့သည့် ကတည်းက "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးလုပ်ငန်းစဉ်မှာ အောင်မြင်ချောမွေ့စွာလုပ်ဆောင်ခဲ့ပြီး ရလဒ်များစွာရရှိခဲ့ရာ နိုင်ငံတကာလူမှုရေးမှ ကျယ်ပြန့်စွာသိမှတ်ပြုထောက်ခံချက်များ ရရှိခဲ့ပြီး ပိုများသောနိုင်ငံများက ပူးပေါင်းဆောင်ရွက်ရေးအတွင်းသို့ ပါဝင်လာခဲ့ပါကြောင်း သူကပြောခဲ့သည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောက်လုပ်ရေးကို ပါတီစည်းကမ်းအတွင်းသို့ရေးသားရန်တွန်းတင်ခြင်းသည် ကျွန်တော်တို့ခေတ်သစ်မှာ အဖက်ဖက်နှင့်အတူ လက်တွဲပြီး "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"ကို အတူဆောက်လုပ်စေမည်ဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးအသစ်ကို ဆောက်လုပ်ရန်တွန်းတင်မည်ဖြစ်ပြီး လူသားကံကြမ္မာတစ်ကိုယ်တည်းထု အတူဆောက်လုပ်ရန် လမ်းကြောင်းထပ်မံညွှန်ပြမည်ဖြစ်ပြီး ခွန်အားများထည့်သွင်းပေးမည်ဖြစ်



ပါသည်။

"'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု'အကြံပြုချက်၏ ဆက်လက်တွန်းတင်ခြင်းကြောင့် တရုတ်နိုင်ငံ၏ ဖွင့်လှစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကြီးမားသောနေရာ တီထွင်ပေးနိုင်မည်ကို ကျွန်တော်တို့ ယုံကြည်ပါသည်။ နိုင်ငံအသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ကမ္ဘာလုံးစီးပွားရေးအတွက် အခွင့်အရေးများစွာ သယ်ဆောင်လာပေးနိုင်မည်ဖြစ်သည်။ အဖက်ဖက်မှစိတ်သဘောထားချင်းတူပြီးအတူကြိုးစား၊ အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစားရန် ကျွန်တော်တို့ အလွန်မျှော်လင့်ပါသည်။ လူသားကံကြမ္မာ တစ်ကိုယ်တည်းထုတည်ဆောက်ရန်၊ ကြာရှည်ငြိမ်းချမ်းသော၊ အတူစည်ကားသော၊ ဖွင့်လှစ်ပါဝင်သော၊ သန့်စင်လှပသော ကမ္ဘာကြီးအတွက် ထောက်ပံ့မှုအသစ်များ လုပ်ဆောင်ပေးနိုင်ရန် အတူကြိုးစားမည်ဖြစ်သည်။"ဟု ကိန်စွမ်က ပြောသည်။

(ဆင်ဟွာသတင်းဌာန) ရန်ကျီမင်